မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
(ကျောင်းသားတပ်မတော်)



# မဟာဒတ်၏ လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ
# အကဲဖြတ်ချက်နှင့် တိုက်ပွဲလမ်းကြောင်း

၁၅ – နှစ်မြောက် မွေးနေ့ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ်
သုံးသပ် ပြုစု ထုတ်ပြန်သည်။

ABSDF
All Burma Students' Democratic Front
P.O. Box 31, Mae Sarlang, Mae Hong Son 58110, Thailand

## နိဒါန်း။

ရှစ်လေးလုံးပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးမှ မွေးဖွားပေါ်ပေါက်လာသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော်) သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့တွင် ၁၅ နှစ် သက်တမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ အမျိုးသားနိုင်ငံရေးလမ်းစဉ်ကိုကိုင်စွဲလျှက် –

၁။ တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူတရပ်လုံး စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေး၊

၂။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရေး၊

၃။ ပြည်တွင်းငြိမ်းချမ်းရေး နှင့်

၄။ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးဆိုသည့် ဦးတည်ချက်လေးရပ်ကိုချမှတ်ရင်း နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေး တိုက်ပွဲများကို ဆက်လက် ဆင်နွှဲလျှက်ရှိပါသည်။

၎င်း ၁၅ နှစ်မြောက် အခါသမယတွင် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးတို့အတွက် တိုက်ပွဲဝင်ရင်း ဂုဏ်ရောင်ထွန်းပြောင်စွာ ကျဆုံးခဲ့ကြသော အာဇာနည်ရဲဘော်အပေါင်းအား လည်းကောင်း၊ မကဒတ (ကျောင်းသားတပ်မတော်) ၏ တော်လှန်ရေးတာဝန်များကို ဦးလည်မသုဉ် ထမ်းဆောင်ရင်း ခန္ဓာကိုယ်အစိတ်အပိုင်းများ ထိခိုက်ဒဏ်ရာရခဲ့ကြသည့် ရဲဘော်အပေါင်းအား လည်းကောင်း၊ စစ်အာဏာရှင်လက်အောက် အကျဉ်းစခန်းများထဲရှိ နိုင်ငံရေးအကျဉ်းသား ရဲဘော်အပေါင်းအား လည်းကောင်း၊ အခြေအနေအကြပ်အတည်းကြီးမားမှုအောက်မှ စစ်အာဏာရှင်အား ဒူးမထောက်တန်း ဆက်လက်တိုက်ပွဲဝင်နေကြသည့် ရဲဘော်အပေါင်းအားလည်းကောင်း မကဒတ (ကျောင်းသားတပ်မတော်) က အလေးအနက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ထို့ပြင် မပြီးဆုံးသေးသည့် သမိုင်းပေးတာဝန်တရပ်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် သတ္တမအကြိမ်ညီလာခံမှ အတည်ပြုခဲ့သော ဗဟိုဦးဆောင်ကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာအပေါ် အခြေခံ၍ မကဒတ (ကျောင်းသားတပ်မတော်) ၏ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေ အကဲဖြတ်ချက်နှင့် တိုက်ပွဲလမ်းကြောင်းကို ထုတ်ပြန်ကြေညာလိုက်သည်။

## မကဒတ၏ လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ အကဲဖြတ်ချက်နှင့် တိုက်ပွဲလမ်းကြောင်း

### ၁။ နိုင်ငံတကာ အခင်းအကျင်း

၂၀၀၁–၂၀၀၂ ခုနှစ် အပိုင်းအခြားတွင် ကမ္ဘာ့ ပုံစံသစ်သို့ ပြောင်းလဲဦးတည်စေမည့် အရေးကြီးသောဖြစ်စဉ်များ အထင်အရှား စတင်ဖြစ်ပေါ်လာသည့် ကာလတခုဟု သတ်မှတ်ယူဆနိုင်သည်။

၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး ပုံစံများပါ ပြောင်းလဲလာခဲ့သည်။ တန်ဖိုးထားမှုပုံစံအသစ်များ ဖြစ်လာသည်။ ထို့ပြင် နိုင်ငံရေး၊ ဝါဒရေးကို အခြေခံသော စုဖွဲ့မှုများမှ စီးပွားရေး၊ ဒေသတွင်းတည်ငြိမ်ရေးကို အခြေခံသော စုဖွဲ့မှုများ ဖြစ်ပေါ်လာသည်။ တဖက်တွင်လည်း လူထုအခြေပြု အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ အရေးပါလာခဲ့သည်။

အဆင့်မြင့်ဆက်သွယ်ရေးနှင့် အတတ်ပညာများဖွံ့ဖြိုး တိုးတက်လာခြင်းနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုများမှာ နိုင်ငံတခုအလိုက် သီးသန့်ရပ်တည်၍ မရနိုင်သည့် အနေအထားဖြစ်လာသည်။ နိုင်ငံတခု၏နယ်နမိတ်ကန့်သတ်မှုနှင့် အချုပ်အချာအာဏာများ တဖြည်းဖြည်း လျော့နည်းလာကာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများမှာ စဉ်ဆက်မပြတ် ပေါင်းကူးလျက်ရှိသည်။ သဘောတရားနှင့် ဝါဒရေးရာများပါ ရောယှက်ကာ ဗဟုဝါဒပုံစံ ဖြစ်ပေါ်လာသည်။

နိုင်ငံတခုချင်းအတွင်း ဖြစ်ပေါ်နေသော ဒီမိုကရေစီရေး၊ လူအခွင့်အရေး၊ အမျိုးသမီးရေးလှုပ်ရှားမှုများ၊ ကလေးအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ကပ်ရောဂါများကာကွယ်ရေးတို့မှအစ အကြမ်းဖက်မှုတိုက်ဖျက် ရေးတို့သည် တခုချင်းအသွင်မှ အားလုံးနှင့် ဆက်စပ်ပတ်သက်လာသည်။

စစ်အေးလွန်ကာလအပြီး ဝါဒရေးရာအားပြိုင်မှုများကို ရှောင်ရှားနိုင်ခဲ့ကြသော်လည်း နိုင်ငံတခုချင်းအနေဖြင့် မိမိတို့ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင် လုပ်ဆောင်လာခဲ့သည်။

ယခင်က လက်ဝဲကွန်မြူနစ်စနစ်နှင့် လက်ယာအရင်းရှင်စနစ် အတွေးအခေါ်တို့ အားပြိုင်မှုများနေရာတွင် အမျိုးသားရေးဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအခြေခံအစွန်းရောက်ဝါဒများ နေရာယူ ထွန်းကားလာခဲ့သည်။ မူးယစ်ဆေးဝါး လုပ်ငန်းများ၊ လက်နက်ရောင်းဝယ်ရေး၊ လူကုန်ကူးခြင်းနှင့် အကြမ်းဖက်လုပ်ငန်းများမှာလည်း နိုင်ငံတကာ မိသားစုများအတွက် ခြိမ်းခြောက်ခံနေကြရသည့် အရေးတကြီး စဉ်းစားအဖြေရှာနေကြရသည့် ပြဿနာကိစ္စရပ်ကြီးများအဖြစ် ဖြစ်တည်လာခဲ့သည်။

အိုင်အမ်အက်ဖ်၊ ဒဗျူတီအို နှင့် ကမ္ဘာ့ဘဏ်တို့မှာလည်း လျှင်မြန်စွာ ပြောင်းလဲတိုးတက်နေသော နိုင်ငံရေး၊ စီးပွားရေး ပုံစံများနောက်တွင် တနေ့တခြားကြီးမားလာသော ကမ္ဘာ့နိုင်ငံများကြား ဆင်းရဲချမ်းသာကွာဟမှုကို ထိန်းချုပ်ရန် ခက်ခဲလာ သည်နှင့်အမျှ ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်စွာကုန်သွယ်ရေး၏ အကျိုးအမြတ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက်သာ ဖြစ်နေသေးသည် ဆိုသည့် ဝေဖန်ချက်များဖြင့် စိန်ခေါ်ခံနေရပြန်သည်။

အမေရိကန်ပြည်ထောင်စု ဦးဆောင်သော အနောက်အုပ်စုသည် ယနေ့ကာလတွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ နည်းပညာ ဘက်ပေါင်းစုံတွင် ပြိုင်ဘက်မရှိ အင်အားအကြီးဆုံး အနေအထားတွင်ရှိနေပြီး တကမ္ဘာလုံးသို့ ဖြန့်ကျက်နေရာယူထားနိုင်သည်။ ကမ္ဘာ့ဈေးကွက်၏ (၆၀) ရာခိုင်နှုန်းမှာ အမေရိကန်ပြည်ထောင်စုက ထိန်းချုပ်ထားနိုင်သည်။

အရှေ့အလယ်ပိုင်း အခြေအနေမှာလည်း နေ့စဉ် တဖက်နှင့်တဖက် အပြန်အလှန် ပစ်ခတ်မှုများ၊ ထိုးနှက်စွပ်စွဲချက်များ အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်နေကြပြီး အဖြေနှင့်အလှမ်းဝေးလျက် ရှိနေသေးသည်။

တောင်အာရှနိုင်ငံများဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်ကြားရှိ ကက်ရှ်မီးယားအခြေအနေမှာလည်း မည်သို့မျှ တိုးတက် လာခြင်းမရှိပေ။ သို့သော် နှစ်ပေါင်း (၃၀) ကျော် ဖြစ်ပွားခဲ့သော သီရိလင်္ကာအစိုးရနှင့် တမီလ်းကျားအဖွဲ့တို့ကြား ဆွေးနွေးပွဲများကို ထိုင်းနိုင်ငံနှင့်နော်ဝေးတို့တွင် ပြုလုပ်နိုင်ခဲ့ပြီး အပစ်အခတ်ရပ်စဲမှုများ ယာယီပြုလုပ်နိုင်ခဲ့သည်။

စစ်အေးတိုက်ပွဲကာလက အမေရိကန်ပြည်ထောင်စုနှင့် ယှဉ်ပြိုင်ခဲ့ရသည့် အရှေ့အုပ်စုများကို ဦးဆောင်ခဲ့သည့် ရုရှားနိုင်ငံ၏ အခြေအနေများကို ကောင်းစွာသင်ခန်းစာထုတ်နိုင်ခဲ့သော ကွန်မြူနစ်တရုတ်နိုင်ငံမှာလည်း အမေရိကန်ပြည်ထောင်စုနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုမျိုးကို သတိနှင့် ရှောင်ရှားလျက်ရှိသည့် အနေအထားတွင်ရှိပြီး ဆိုရှယ်လစ်စနစ်အတွင်းမှ လွတ်လပ် သည့် ဈေးကွက်စီးပွားရေးကို အရှိန်အဟုန်ဖြင့် အကောင်ထည်ဖော်လာခဲ့ကာ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာနယ်ပယ်ထိ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ တရုတ်ပြည်၏ စီးပွားရေးတိုးတက်နှုန်းမှာ နှစ်စဉ် ဂျီဒီပီ ငါး ရာခိုင်နှုန်း (၅%) အထက် ရှိနေပြန်သည်။ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ ဒဗလျူတီအိုသို့ တရားဝင် ဝင်ရောက် ခဲ့သည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုတ်နှံမှုများ အတွက် ဆွဲဆောင်မှုအကောင်းဆုံးနေရာတခုဖြစ်လာသည်။ အာရှနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု ၆၀ ရာခိုင်နှုန်းကို ဆွဲယူသွားခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများမှာ ၁၇ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။

၂၀၀၃ ခုနှစ် မတ်လတွင် တရုတ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်နေရာတွင် စတုတ္ထမျိုးဆက်ဖြစ်သော သမ္မတ ဟူဂျင်းတောင်နှင့် ဝန်ကြီးချုပ် ထမ်ကြားပေါင်တို့က နေရာယူဆက်ခံခဲ့သည်။ ဂျန်ဇီမင်း၏ ကိုယ်စားပြုမှု သုံးရပ် ပေါ်လစီကို တရားဝင် ကျယ်ကျယ် လောင်လောင် ချမှတ်ကျင့်သုံးရန် နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်က လက်ခံခဲ့သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလ (၁၁) ရက် အမေရိကန် နယူးယောက်ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အဦး ၂ ခုအား အကြမ်းဖက် တိုက်ခိုက်ခံခဲ့ရသည့်အချိန်မှစ၍ အမေရိကန်ပြည်ထောင်စု၏ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းစဉ်သည် ကမ္ဘာ့ လက္ခဏာ အသွင်ဆောင်လာသည်။ နိုင်ငံတကာအစိုးရများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှလည်း ဤအကြမ်းဖက် တိုက်ခိုက်မှုကို ပြင်းထန်စွာ ဝိုင်းဝန်းရှုတ်ချခဲ့ကြသည်။

အာဖဂန်နစ္စတန်နှင့် အထူးသဖြင့် အီရတ်ကိစ္စအပေါ် အီးယူ၊ နေတိုးအပါအဝင် ကမ္ဘာ့ပြည်သူများကြား သဘောထားများ သိသာစွာ ကွဲလွဲလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းနှင့် ပတ်သက်၍ အကဲဖြတ်ချက်များလည်း ပုံစံမျိုးစုံထွက်လာ ခဲ့သည်။ ဗီယက်နမ်စစ်ပွဲအပြီး ရာစုနှစ်ဝက်နီးပါးမရှိခဲ့သော ကမ္ဘာ့နိုင်ငံရေးအသိ နိုးကြားမှုများကို ပြန်လည်တွေ့မြင်နေရချိန် ဖြစ်သည်။

တပြိုင်နက်တည်းမှာပင် ကမ္ဘာ့အခင်းအကျင်းသစ်များ၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့စည်းများ၏ ဖွဲ့စည်းမှုပုံစံများ ပြောင်းလဲ ဖြစ်ပေါ်လာနေသည်။ ၂၀၀၄ ခုနှစ်တွင် ယခင် ဆိုဗီယက်ပြည်ထောင်နှင့် ချက်ကိုစလိုဗက်နိုင်ငံတို့မှ ခွဲထွက်လာသော နိုင်ငံများနှင့် ပိုလန်နိုင်ငံတို့က ဥရောပသမဂ္ဂ အဖွဲ့ဝင်များဖြစ်လာကြမည်။

ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် အရေးအခင်းများအတွက် အမှန်တကယ် အလုပ်ဖြစ်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ ဖွဲ့စည်းမှု ပုံစံသစ် များပြုလုပ်ရန် အချိန်ကျရောက်နေပြီဆိုသည့် တောင်းဆိုသံများ ထွက်ပေါ်လာသည်။ သို့သော် ယနေ့ကာလတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍမှာ လျှင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှ ဆန်းသစ်သည့်

အတတ်ပညာနှင့် ရောဂါတိုက်ဖျက်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်နိုင်ရေးအတွက် အမှန်တကယ် လိုအပ်နေသေးသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ အခန်းနေရာ ဆက်လက်တည်တန့်ရေးနှင့် အစားထိုးစရာ အခြေအနေမရှိသေးချေ။

ထို့ပြင် ဗီယက်နမ်အရေးအခင်း၊ ကိုရီးယားအရေးအခင်း၊ အီဂျစ်၊ အစ္စရေး သဘောတူညီချက်နှင့် ကိုဆိုဗိုအရေးအခင်း စသဖြင့် နိုင်ငံတကာပြဿနာများမှာ ကုလသမဂ္ဂ၏ ဘောင်အပြင်ဘက်တွင် အဖြေရှာခဲ့ကြခြင်းဖြစ်သည်။ တဖက်တွင်လည်း ကုလသမဂ္ဂ အနေဖြင့် ငြိမ်းချမ်းစွာ အဖြေရှာရေး ကြိုးပမ်းချက်များကို အစဉ်လမ်းဖွင့်ပေးထားခဲ့သည်။

နိုင်ငံတကာအစိုးရများအနေဖြင့် မိမိတို့အကျိုးစီးပွားအတွက် အစွမ်းကုန် ကာကွယ်ရေးကိုသာ ဆောင်ရွက်လျက်ရှိသည်။ အဆိုးဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံကြီးများ၏ အကျိုးစီးပွားပေါ် မှီခိုနေရသည့် အနေအထားရောက်ရှိနေခြင်းဖြစ်သည်။

ယင်းကဲ့သို့ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းသစ်များအောက်တွင် ဒီမိုကရေစီဆိတ်သုန်းနေသော နိုင်ငံများ၊ အထူးသဖြင့် အာဏာရှင်နိုင်ငံများအတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ပြည်တွင်းပြည်ပမှ ဖိအားပေးမှုများနှင့် ဆက်လက်ရင်ဆိုင်ရမည်သာ ဖြစ်ပြီး မြန်မာနိုင်ငံအပေါ် ရိုက်ခတ်မှုများမှာလည်း ရှောင်ရှားရန် မဖြစ်နိုင်ပေ။ နအဖ ကျင့်သုံးနေသော နိုင်ငံရေး၊ စီးပွားရေး မူဝါဒများမှာ နိုင်ငံတကာအခြေအနေနှင့် တနေ့တခြား ပဋိပက္ခကြီးမားလာနေမည်သာဖြစ်သည်။

**၂။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်ချက်များ**

၁၉၉၂ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံမှ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရေး၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု အကောင်အထည်ဖော်ရေးကို တောင်းဆိုတိုက်တွန်းသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သော်လည်း နအဖမှ ယနေ့တိုင် လိုက်ပါဆောင်ရွက်ခြင်းမရှိခဲ့ပေ။

၂၀၀၀ ခုနှစ် အောက်တိုဘာလမှစ၍ အထူးကိုယ်စားလှယ် **Mr. Razali** နှင့် လူ့အခွင့်ရေးဆိုင်ရာ စုံစမ်းလေ့လာသူ **Mr. Pinheiro** တို့၏ ခရီးစဉ်များကို စေလွှတ်နိုင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တိုင်းရင်းသားအဖွဲ့များ၊ စီအာပီပီ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမြင် သဘောထားစုစည်းမှုများကို ပြုလုပ်ခဲ့ကြသည်။ **Mr. Leon de Reidmitten (Internation Center for Humanitarian Dailogue)** အား နအဖ နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြား ဆက်သွယ်ဆောင်ရွက်နိုင်ရန် **Mr. Razali** က တာဝန် ပေးအပ်ခဲ့သည်။

ထို့ပြင် နအဖနှင့် တွေ့ဆုံရာတွင် ကုလသမဂ္ဂကိုယ်စားလှယ်များအနေဖြင့် အောက်ပါလုပ်ငန်းစဉ် လေးရပ်ကို အဓိက ဦးစားပေး တိုက်တွန်းခဲ့ကြသည်။

- နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး၊
- တရားဝင်တည်ရှိသော ပြည်တွင်းနိုင်ငံရေးပါတီများ လွတ်လပ်စွာ နိုင်ငံရေးလှုပ်ရှားမှုများ ရရှိရေး၊
- **HIV/ AIDS** ပညာရေး၊ ကျန်းမာရေး နှင့် အခြေခံစားနပ်ရိက္ခာဖူလုံရေးစသော လူမှုရေး အကူအညီများကိစ္စ၊
- စီးပွားရေးမူဝါဒ ပြောင်းလဲရေးတို့ ဖြစ်သည်။

❑ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး

ကုလသမဂ္ဂကိုယ်စားလှယ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အဆက်မပြတ် တိုက်တွန်းမှုများရှိခဲ့သော်လည်း နအဖ စစ်အာဏာပိုင်များမှ လိုက်ပါဆောင်ရွက်ခြင်းမရှိပေ။

နိုင်ငံရေးအကျဉ်းသားများကို နအဖက လွှတ်ပေးရာတွင် ပုဒ်မ ၄၀၁ (၁) ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ကို ဝန်ခံကတိစာချုပ်များ လက်မှတ်ထိုးခိုင်းခဲ့သော်လည်း ယင်းဝန်ခံကတိစာချုပ် လက်မှတ်ရေးထိုးထားပြီး ဆက်လက်ထိမ်းသိမ်းခံနေရသူများ အများ အပြားရှိသည်။

နအဖ အနေဖြင့် နိုင်ငံရေးအကျဉ်းသားများအား အမှုတွဲတခုခြင်းအလိုက် အသေးစိတ် စိစစ်၍ လွှတ်ပေးခဲ့ကာ နိုင်ငံတကာနှင့် ကုလသမဂ္ဂအား အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံရေးအကျဉ်းသားများကို ဓားစာခံအဖြစ် ခုတုန်းလုပ်နေသည့် အနေအထား ဖြစ်သည်။ သို့သော် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသား ၁၅၀၀ ခန့် ဆက်လက်ထိန်းသိမ်း ခံထားရဆဲဖြစ်ပြီး မေ (၃၀) ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအရေးနောက်ပိုင်းတွင် ထိန်းသိမ်းခံရသူအရေအတွက်မှာ တနေ့တခြား ပိုမိုများပြားလာခဲ့သည်။

ထောင်တွင်းဖိနှိပ်မှုများကြားမှပင် နိုင်ငံရေးအကျဉ်းသားများ၏ နိုင်ငံရေးတောင်းဆိုလှုပ်ရှားမှုများကိုလည်း တွေ့မြင်နေ

ရသည်။ ဒေါ်အောင်ဆန်းစုကြည်မှလည်း နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးမှာ အမျိုးသား ပြန်လည် သင့်မြတ်ရေး အတွက် အဓိက လိုအပ်ချက်ဖြစ်ကြောင်း ထောက်ခံပြောဆိုသည်။

❑ တရားဝင်တည်ရှိသော ပြည်တွင်းနိုင်ငံရေးပါတီများ လွတ်လပ်စွာ နိုင်ငံရေးလှုပ်ရှားမှုများရရှိရေး

ဒေါ်အောင်ဆန်းစုကြည်လွတ်လာပြီး လူထုစည်းရုံးရေးခရီးစဉ်များကို ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ ကရင်၊ မွန်၊ ရှမ်း၊ ရခိုင်နှင့် ချင်းဒေသများသို့ သွားရောက်နိုင်ခဲ့သည်။ အစပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ကုလသမဂ္ဂမှ အကောင်အထည်ဖော်နေသော လူမှုရေးစီမံချက်များနှင့် အစိုးရစီမံကိန်းအချို့ကို သွားရောက်ကြည့်ရှုခဲ့သည်။ ရှမ်းပြည်ခရီးစဉ်မှ စ၍ နှောက်ယှက်မှုများ ပြုလုပ်လာပြီး ၂၀၀၃ ခုနှစ် မေလ ချင်းပြည်နယ်ခရီးစဉ်တွင် သိသာထင်ရှားလာသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၀၃ ခုနှစ် ဧပြီလထိ ပြည်နယ်၊ တိုင်းမြို့နယ်ရုံး (၈၀) ကျော်သာ ဖွင့်လှစ်နိုင်ခဲ့ သည်ကို တွေ့ရသည်။ ဌာနချုပ်တွင် အထိမ်းအမှတ်အခမ်းအနားများ၊ လူငယ်နှင့် အမျိုးသမီးများအတွက် နိုင်ငံရေး၊ ပညာရေး ဆီမီနာများနှင့် သင်တန်းများကို ပြုလုပ်နိုင်ခဲ့သော်လည်း ယနေ့အချိန်တွင် တရားဝင်နိုင်ငံရေးပါတီများ၏ လွတ်လပ်ခွင့်များမှာ လုံးဝ ပိတ်ပင်ကန့်သတ်ခြင်း ခံထားရသည်။

❑ **HIV/ AIDS** ပညာရေး၊ ကျန်းမာရေး နှင့် အခြေခံစားနပ်ရိက္ခာဖူလုံရေးစသော လူမှုရေး အကူအညီများကိစ္စ

၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်ရှိ **UN Agencies** များ ပူးတွဲ၍ ပြည်သူလူထုတရပ်လုံး၏ လူမှုအကြပ်အတည်းများ ကြီးမားနေမှုကို နိုင်ငံတကာမှ ဝိုင်းဝန်းဖြေရှင်းရန်အတွက် တိုက်တွန်းနှိုးဆော်ခဲ့သည်။ **Mr. Pinheiro** ကလည်း မြန်မာနိုင်ငံအား အထီးကျန်မထားသင့်ကြောင်း ယင်းအဆိုကို ထောက်ခံခဲ့သည်။

ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ ဂျပန်တို့က လူမှုရေးအကူအညီများ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ **NLD** နှင့် ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ရန်၊ နယ်မြေခံတိုင်းရင်းသားအဖွဲ့များနှင့် ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင်နိုင်ရေးတို့အတွက် နအဖအား တိုက်တွန်းမှုများ ပြုလုပ်ခဲ့သော်လည်း နအဖမှ လက်မခံခဲ့ပေ။ လူမှုရေးအကူအညီများ ပြည်သူလူထုထံ တိုက်ရိုက် ရောက်ရှိနိုင်ရေး အတွက် အကန့်အသတ်များကို ဖယ်ရှားပေးရန် ဖိအားပေးလျက်ရှိသည်။

လူမှုရေးအကူအညီများနှင့် ပတ်သက်၍ **NLD** ၏ မူဝါဒသဘောထားမှာ **Transparency, Accountability, Independent Monitoring** ရှိရေး လိုအပ်လျက်ရှိကြောင်း အတိအလင်း ထုတ်ပြန်ခဲ့သည်။

**HIV/AIDS** ရောဂါပြန့်ပွားနေမှု၊ ကလေးသူငယ်များ အာဟာရချို့တဲ့မှု၊ မွေးကင်းစကလေး သေနှုန်းမြင့်မားနေမှု၊ ပညာရေး အခြေအနေဆိုးဝါးနေမှုနှင့် ကူးစက်ရောဂါများ ထိန်းချုပ်ရေးတို့ တနေ့တခြား ဆိုးရွားလာမှုကို လူမှုရေးအကူအညီများတွင် ဦးစားပေးလုပ်ဆောင်ရန် အချိန်ကျရောက်နေကြောင်း နိုင်ငံတကာသဘောထားများ ထွက်ပေါ်လာခဲ့သည်။

ဤအခြေအနေတွင် ကုလသမဂ္ဂ၏ မြန်မာပြည်ဆိုင်ရာ ဆုံးဖြတ်ချက်များကို နအဖမှ လိုက်ပါ အကောင်အထည်ဖော်နိုင်ရေး အတွက် ပိုမိုထိရောက်သည့် ဖိအားများတိုးမြင့်နိုင်ရေးနှင့် မြန်မာပြည်ကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ မြန်မာ့ဒီမိုက ရေစီရေး လှုပ်ရှားသူများက တင်ပြဆွေးနွေးရန် တိုက်တွန်းမှုများ ပိုမိုပြုလုပ်လာခဲ့ကြသည်။

❑ စီးပွားရေးမူဝါဒပြောင်းလဲရေး

ကမ္ဘာ့ဘဏ်၏ဒေသဆိုင်ရာ စီးပွားရေးပညာရှင် ဟိုးမီးခါရပ်စ်မှ မြန်မာနိုင်ငံအနေဖြင့် အချိန်မီ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ မလုပ်ဆောင်နိုင်ပါက နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများနှင့် ပိုမိုကင်းကွာလာကာ စီးပွားရေး၊ လူမှုရေးပြဿနာများ ပိုမိုဆိုးဝါးလာနိုင်ကြောင်း ၂၀၀၂ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့သည်။ **UNDP** မှ ဦးဆောင်၍ ဆင်းရဲမွဲတေမှုဆိုင်ရာ စစ်တမ်း **National Poverty Survey** ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ သုတေသန လုပ်ငန်းများလုပ်ဆောင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သဘောတူညီမှုပေးခဲ့သော်လည်း နအဖမှ လက်မခံခဲ့ပေ။ ဂျပန်နိုင်ငံအနေဖြင့်လည်း နအဖ ပညာရှင်များနှင့် ပူးတွဲ၍ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ သုတေသန လုပ်ငန်းများလုပ်ဆောင်ခဲ့သည်။ သို့သော် နအဖ ထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့် ပြုပြင်ပြောင်းလဲရေးကို မြန်မြန်ဆန်ဆန် လုပ်ဆောင်လိုသည့် အနေအထား မရှိသေးပေ။

**၃။ နိုင်ငံတကာ၏ နအဖစစ်အစိုးရနှင့် ပတ်သက်သော သဘောထားရပ်တည်ချက်**

၂၀၀၂ ခုနှစ် မေလတွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုနှင့် နိုင်ငံရေးလှုပ်ရှားမှုအချို့ ခွင့်ပြုခဲ့ခြင်းအပေါ် အပြုသဘော ကြိုဆိုထောက်ခံမှုများရှိခဲ့သော်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ထွန်း

တိုးတက်မလာခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက် ဖြစ်ပေါ်နေခြင်း၊ ၂၀၀၃ ခု မေ (၃၀) ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအပြီး ဒေါ်အောင်ဆန်းစုကြည်အား အကျဉ်းပြန်ချခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုများကို ပိတ်ပင်လိုက်ခြင်းနှင့် အဖွဲ့ဝင်များအား ဖမ်းဆီးခြင်းတို့အပေါ် နိုင်ငံတကာအစိုးရများက နအဖအား ပြင်းပြင်းထန်ထန် ဝေဖန်ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်။

အမေရိကန်က မြန်မာနိုင်ငံဒီမိုကရေစီလွတ်မြောက်ရေးအက်ဥပဒေကို ချမှတ်ခြင်း၊ နအဖအား ပြည်ဝင်ခွင့်ဗီဇာ ကန့်သတ်ခြင်းနှင့် ၂၀၀၃ ခုနှစ် ဩဂုတ်လ (၂၈) ရက်နေ့တွင် မြန်မာနိုင်ငံအား စီးပွားရေးဒဏ်ခတ်မှုများ ပြုလုပ်ခဲ့ခြင်းများသည် မြန်မာ့ဒီမိုကရေစီရေးအတွက် ထိရောက်သည့် ဖိအားပေးမှုအဖြစ် ကြိုဆိုခဲ့ကြသည်။

ဥရောပသမဂ္ဂနိုင်ငံများကလည်း **EU Common Position ESifh Sanction on New Investment** သဘောထားများပြောင်းလဲမည့် အနေအထားမရှိသေးသည့်အပြင် မြန်မာ့နိုင်ငံရေးအခြေအနေ မတိုးတက်ပါက ပိုမိုပြင်းထန်သည့် ဖိအားပေးမှုများ ရှိလာနိုင်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး **Mrs. Kawaguchi** သည် ၂၀၀၂ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကာ နိုင်ငံတကာနှင့် အတိုက်အခံများ ကန့်ကွက်နေသည့်ကြားမှ **ODA** အကူအညီများကို နအဖသို့ ပေးအပ်ခဲ့သည်။ သို့သော် ၂၀၀၃ ခု မေ (၃၀) ဒီပဲယင်းလုပ်ကြံ သတ်ဖြတ်မှုနှင့် ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထိန်းသိမ်းခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုများကို ပိတ်ပင်လိုက်ခြင်းနှင့် အဖွဲ့ဝင်များအား ဖမ်းဆီးခြင်းတို့အတွက် **ODA** အကူအညီပေးထားခြင်းများကို ပြန်လည်ရပ်ဆိုင်းလိုက်သည်။ ဩစတြေးလျနိုင်ငံမှလည်း နအဖဝန်ထမ်းများအား လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သင်တန်းများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။

အိန္ဒိယ၊ တရုတ်၊ နှင့် အာဆီယံနိုင်ငံများမှာမူ ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် လူ့အခွင့်ရေးကော်မရှင်၊ အာဆီယံဒေသတွင်း အစည်းအဝေးနှင့် အေပက်ညီလာခံများတို့တွင် နအဖဘက်မှ ကာကွယ်ပြောဆိုမှုများ ပြုလုပ်လာသည်။ တရုတ်၊ မလေးရှား၊ ထိုင်း၊ အိန္ဒိယ အိမ်နီးချင်းနိုင်ငံများမှ ခေါင်းဆောင်များက မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ကြကာ စစ်ရေး၊ စီးပွားရေး၊ နယ်စပ်ကုန်သွယ်ရေးများ တိုးမြှင့်ရန် သဘောတူညီချက်များ ဆောင်ရွက်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံများမှ အစိုးရများအနေဖြင့် နအဖနှင့် အပြုသဘောဆက်ဆံရေးမူဝါဒကိုသာ ဆက်လက်ဆွဲကိုင်ထားမည့် အနေအထားဖြစ်သည်။ အင်ဒိုနီးရှား ဘာလီ အစည်းအဝေးနှင့် အေပက်ညီလာခံတို့တွင် နအဖဝန်ကြီးချုပ်၏ အမျိုးသားညီလာခံကို ပြန်လည်အသက်သွင်းရေးအတွက် လမ်းပြမြေပုံပါ (၇) ချက်ကို ထိုင်းဝန်ကြီးချုပ်မှ ဦးဆောင်၍ ထောက်ခံပြောဆိုခဲ့ကာ တရုတ်၊ မလေးရှား၊ အိန္ဒိယတို့ကလည်း အပြုသဘော ပါဝင်ဆွေးနွေးခဲ့သည်။ သို့သော် မြန်မာ့နိုင်ငံရေးအခြေအနေကို မပြောင်းလဲဘဲ ၂၀၀၆ ခုနှစ်တွင် အာစီယံဥက္ကဋ္ဌ နေရာတွင် နအဖက တာဝန်ယူမည့်အပေါ် အာစီယံနိုင်ငံများအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာနိုင်သည်။

ပြည်တွင်း နိုင်ငံရေး၊ စီးပွားရေး၊ ဘက်ပေါင်းစုံ အခြေအနေများ တနေ့တခြား ဆိုးဝါးလာမှုများ၏ ရလဒ်များဖြစ်သော ဒုက္ခသည်ပြဿနာ၊ တရားမဝင်အလုပ်သမားပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာတို့မှာ အိမ်နီးချင်းနိုင်ငံများအပေါ် ရိုက်ခတ်လာခဲ့ပြီး ဒေသတွင်းမတည်ငြိမ်မှုများဖြစ်ပေါ်လာနိုင်သည့် အနေအထားသို့ ရောက်ရှိနေသည်။

ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးတွေ့ဆုံပွဲများ အမြန် ပြုလုပ်ရန်နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် နည်းလမ်းများ ရှာဖွေနေကြစဉ်မှာပင် အိမ်နီးချင်းနိုင်ငံများမှ အစိုးရများအနေဖြင့် ရေတိုအကျိုးစီးပွားကိုသာတွက်၍ နအဖနှင့် အပြုသဘော ဆက်ဆံရေးမူဝါဒကိုသာ ဆက်လက်ဆွဲကိုင်ထားပြီး ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသော အဖွဲ့စည်းများအတွက် အကန့်အသတ်များ ပိုမိုကြီးမားလာသည်။

၂၀၀၁ – ၂၀၀၂ အတွင်း **ILO** မှ နအဖ၏ မြန်မာနိုင်ငံတွင်း အတင်းအဓမ္မ အလုပ်ခိုင်းစေမှုများကိစ္စအပေါ် ဆုံးဖြတ်ချက်များသည်လည်း ထိရောက်သည့် ဖိအားပေးအရေးယူမှုတခုဖြစ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသော ကုမ္ပဏီများထွက်ခွာရေးအတွက် ပြုလုပ်နေသော နိုင်ငံတကာ ရောက်မျိုးချစ်မြန်မာအင်အားစုများနှင့် လူထုအခြေပြုအဖွဲ့စည်းများ၏ လှုပ်ရှားမှုများ ပိုမိုအားကောင်းလာသည်။

၂၀၀၃ ခုနှစ်အတွင်း ဒုတိယအကြိမ် နိုင်ငံတကာမြန်မာကျောင်းသားများကွန်ဖရင့်၊ အမေရိကန်နိုင်ငံ "ဖို့တ်ဝင်း"ညီလာခံများ ပြုလုပ်ခဲ့ကြပြီး နိုင်ငံတကာရောက်ဒီမိုကရေစီရေး လှုပ်ရှားသူများကြား လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးနှင့် စည်းလုံးညီညွတ်မှုများ တိုးမြှင့်နိုင်ရေး လမ်းစများကို ရှာဖွေနိုင်ခဲ့ကြသည်။ ထို့ပြင် ဂျပန်၊ တောင်ကိုးရီးယား၊ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဗြိတိန်နှင့် မလေးရှားနိုင်ငံများတွင် ရောက်ရှိနေသော မျိုးချစ်မြန်မာများနှင့် ကျောင်းသားများ၏ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လှုပ်ရှားမှုများ၊ နအဖ ဆန့်ကျင်ဆန္ဒပြပွဲများ အရှိန်အဟုန်မပျက် လုပ်ဆောင်လျက်ရှိသည်။

**၄။ နအဖ စစ်အစိုးရအခြေအနေ**

ပြည်တွင်းအကြပ်အတည်း ကြီးမားလာမှုကို ရှောင်ရှားရန်၊ ပြည်ပဖိအားများ တိုးမြင့်လာမှုကို ကာကွယ်ရန်နှင့် နိုင်ငံတကာ အကူအညီများ ပိုမိုရရှိရေးအတွက် နအဖ စစ်အုပ်စုအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်းကို ၂၀၀၁ ခုနှစ်မှစ၍ နိုင်ငံတကာသို့ စတင် ထုတ်ဖော်ပြောဆိုလာခဲ့သည်။

၂၀၀၂ ခုနှစ် မတ်လ (၈) ရက်နေ့တွင် ဦးနေဝင်းသမက်နှင့် မြေးများကို နိုင်ငံတော်အာဏာသိမ်းရန်ကြံစည်မှုဖြင့် ဖမ်းဆီးပြခဲ့ခြင်းနှင့် ၂၀၀၃ ခုနှစ် ဩဂုတ်လ (၂၅) ရက် နအဖအဖွဲ့တွင်း နေရာအပြောင်းအလဲများ ပြုလုပ်ခဲ့သော်လည်း မည်သည့်နိုင်ငံရေးအပြောင်းအလဲမျှ ဖြစ်ပေါ်လာခြင်းမရှိသည့်အပေါ် လူထုမှ စိတ်ဝင်စားမှုမရှိခဲ့ပေ။

၂၀၀၁ ခုနှစ်အတွင်း စစ်တပ်အရာရှိများထဲမှ ပြုပြင်ပြောင်းလဲမှုများလုပ်ရန် အတိအလင်း ဝေဖန်ထောက်ပြခဲ့သူများကို အပြစ်ပေးထုတ်ပယ်ပစ်ခဲ့ခြင်းနှင့် ၂၀၀၂ခုနှစ် ဇွန်လတွင် မေမြို့ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် စစ်တက္ကသိုလ်မှ ကျောင်းသား များ၏ ဆန္ဒပြကန့်ကွက်မှုများဖြစ်ပွားခဲ့ရာ ကျောင်းကို ရက်အကန့်အသတ်မရှိ ပိတ်ခဲ့ရပြီး ဆန္ဒပြသူအားလုံးအား အပြစ်ပေး အရေးယူမှုများ ပြုလုပ်ပြခဲ့ခြင်းများရှိခဲ့သည်။

တိုင်းပြည်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ ဘက်ပေါင်းစုံမှ ချွတ်ချုံကျဆင်းနေချိန်တွင် နအဖ၏ စစ်သုံးစရိတ်မှာ တိုင်းပြည် ရသုံးငွေ (၄၀%) ကျော် ရှိနေသည်။ ရုရှားနိုင်ငံမှာ **MIG** ၂၉ အမျိုးစား တိုက်လေယဉ်များဝယ်ယူခြင်း၊ သုတေသနပြုလုပ်ရန် ၁၀ မီဂါဝပ်ရှိ ညူကလီးယား ဓါတ်ပေါင်းဖို ဝယ်ယူခြင်း၊ တရုတ်၊ အိန္ဒိယနှင့် ဘူဂေးရီးယားတို့မှ အဆင့်မြင့် ဆက်သွယ်ရေးကရိယာများ၊ အမြောက်များ။ စစ်လက်နက်များ ဝယ်ယူတင်သွင်းခဲ့သည်။

နအဖ အနေဖြင့် ကြည်း၊ ရေ၊ လေ အင်အား ၄၂၀,၀၀၀ ကျော်၊ ပြည်သူ့ရဲ ၅၀,၀၀၀ ကျော်၊ ပြည်သူ့စစ် ၃၅,၀၀၀ ကျော် အထိ တိုးချဲ့ဖွဲ့စည်းထားသည်။ စစ်မှုထမ်းဟောင်းအဖွဲ့ကို အရန်အင်အားစာရင်းတွင် တရားဝင်သတ်မှတ်ခဲ့သည်။ ထို့ပြင် ကြက်ခြေနီနှင့် အရံမီးသတ်တပ်ဖွဲ့များကို စစ်တိုင်းများပုံစံယူ၍ ဖွဲ့စည်းခိုင်းလျက်ရှိပြီး ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးနှင့် အဆင့်ဆင့် အရာရှိများမှ ဦးဆောင်မည်ဖြစ်သည်။ နအဖ၏ လက်ကိုင်တုတ်တခုဖြစ်သော ကြံ့ဖွတ်အသင်းမှာမူ ၁၂ သန်းကျော် အင်အား ရှိသည်။ ၂၀၀၁ –၂၀၀၂ ခုနှစ်အတွင်းတွင် **MA 1, 2, 3, 4** များကို ကျယ်ပြန့်စွာ တပ်ဆင်လာခဲ့သည်။ အခြေခံစစ်ပညာ သင်တန်းများကိုလည်း တတိုင်းပြည်လုံး မတက်မနေရ ပြုလုပ်လျှက်ရှိသည်။

နအဖအနေဖြင့် စစ်အင်အားများ တိုးချဲ့နေသော်လည်း နိုင်ငံရေးခံယူချက် မရှိခြင်း၊ စာရိတ္တရေးရာများ ပျက်ဆီးနေခြင်း၊ အထက်အောက်ကွာဟချက်များ တနေ့တခြား ကြီးမားလာခြင်း၊ တပ်တွင်းလူ့အခွင့်ရေးချိုးဖောက်မှုများ များပြားလာခြင်း၊ အခြေခံ ထောက်ပံ့ရေးများ မဖူလုံခြင်း၊ တပ်ပြေးများ တနေ့တခြား များလာခြင်းတို့ကြောင့် စစ်တပ်၏စည်းရုံးရေးနှင့် တိုက်ခိုက်ရေး စွမ်းအားမှာလည်း ကျဆင်းလျက်ရှိသည်။ နအဖစစ်တပ်အတွင်းတွင် အတင်းအဓမ္မ စုဆောင်းထားသည့် ကလေးစစ်သားများဖြင့် ဖွဲ့စည်းထားရာ ကလေးစစ်သားအင်အား ၅၀၀၀၀ ခန့်ရှိပြီး ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ကြောင်း လူ့အခွင့်အရေး အဖွဲ့အစည်းများက ထုတ်ဖော်ဝေဖန်ခံခဲ့ရသည်။ ထို့ပြင် ၂၀၀၂ ခုနှစ်တွင် ရှမ်းတိုင်းရင်းသူ အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုများ အကြောင်း မှတ်တမ်းတင်ထားသည့် **License to Rape** စာအုပ် ထွက်ပေါ်လာခဲ့ခြင်းသည် နအဖ စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို နိုင်ငံတကာတွင် ထိထိရောက်ရောက် ဖွင့်ချဖော်ထုတ်နိုင်ခဲ့သည်။

ထိုင်းဆန့်ကျင်ရေးရှုတ်ချပွဲများ၊ ထိုင်းကုန်ပစ္စည်းများပိတ်ပင်ခြင်းတို့ကို ဆောင်ရွက်၍ ပြည်တွင်းအကျပ်အတည်းကြောင့် လူထု၏ အထွေထွေမကျေနပ်မှုများကို ရှောင်ရှားရန် ကြိုးစားခဲ့သည်။ ထို့ပြင် ထိုင်းနယ်မြေနှင့် ဆက်စပ်နေသော နိုင်ငံရေး အဖွဲ့အစည်းများအား ထိုင်းအစိုးရမှ ဖိအားပေးရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

၂၀၀၂ ခုနှစ် မေလ (၆) ရက် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးခဲ့ပြီး မြန်မာ့နိုင်ငံရေးတွင် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်လိုက်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်နိုင်ခွင့်ရှိကြောင်း နအဖမှ ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် ၂၀၀၃ ခုနှစ် မေ (၃၀) ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုက နအဖ၏ အတွင်းသရုပ်ကို အတိအလင်း ဖော်ပြလိုက်သကဲ့သို့ ပြည်တွင်း၊ ပြည်ပ၏ ဖိအားများကို ရှောင်ရှားနိုင်ရေးအတွက် နအဖ ဝန်ကြီးချုပ်၏ လမ်းပြမြေပုံ (၇) ချက်ကို ထုတ်ပြန်ခြင်းနှင့် ညီလာခံ ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းများမှာ နအဖ၏ နိုင်ငံရေးလမ်းကြောင်းကို ရှင်းရှင်းလင်းလင်း သိမြင်ခွင့်ရခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များအပေါ် နအဖ၏ စွပ်စွဲချက်များ ပိုမိုပြင်းထန်လာပြီး ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ပုဒ်မအမျိုးမျိုးတပ်၍ ဖမ်းဆီးမှုများ ပြုလုပ်လာခဲ့သည်။

အမျိုးသားညီလာခံတွင် တောင်းဆိုတင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် စစ်တပ်နေရာ ၂၅ ％ ရရှိရေးနှင့် အနာဂတ်အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကဏ္ဍတွင် စစ်တပ်အား တရားဝင်ခွင့်ပြုရေးဆိုသည့်မှုကို အကောင်အထည်ဖော်ရန် အဓိကဖြစ်သည်။ တပြိုင်နက်တည်းမှာပင် အမျိုးသားညီလာခံကို နဂိုပုံစံအတိုင်း ပြန်လည်အသက်သွင်းရန်၊ နအဖအလိုကျ

ဖွဲ့စည်းပုံကိုရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူကာ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ပစ်ပယ်၍ ရွေးကောက်ပွဲသစ် ကျင်းပနိုင်ရေးကို ပြုလုပ်သွားရန် ဆုံးဖြတ်ထားကြောင်း ပြဆိုလိုက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် လူထုထောက်ခံပွဲများကိုလည်း လုပ်ကြံပြုလုပ်လာသည်။ အချို့သော အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များအား တိုင်းရင်းသားကိုယ်စားလည်များ အနေဖြင့် အမျိုးသားညီလာခံတက်ရောက်ရန်အတွက် ဖိအားပေးတိုက်တွန်းမှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးဆောင်ရွက်ရေးတို့ကို အလျှင်အမြန်ပြုလုပ်ရန် ပြည်တွင်းနိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများ၏ တိုက်တွန်းချက်များနှင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်များ၏ ကြိုးစားဆောင်ရွက်ချက်များကို နအဖက မျက်စိပိတ် လျစ်လျူရှုနေသည့် အနေအထားဖြစ်သည်။

အမေရိကန် **Lobby Farm – DCI** ကို ငှား၍ အမေရိကန်နှင့် ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဟန်ပြလုပ်ဆောင်ပြခြင်း၊ **UNDCP** နှင့် ပူးပေါင်း၍ အစားထိုးသီးနှံများစိုက်ပြခြင်း၊ ငွေမဲကိုငွေဖြူလုပ်သည့်အခြေအနေမှ တားဆီးရန် ဥပဒေထုတ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစာချုပ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးစာချုပ်များ ချုပ်ဆိုခြင်းတို့ကို ဟန်ပြလုပ်ပြသည်။ ၂၀၀၂ ခုနှစ် မေလတွင် စစ်ထောက်လှမ်းရေး ဗိုလ်မှူးချုပ်ကျော်သိန်းအား အမေရိကန်ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် အမေရိကန်၏ **Decertification List** တွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ၂၀၀၃ ခုနှစ်ဆန်းတွင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမေရိကန်ပြည်ထောင်စုအား လက်တွဲ ဆောင်ရွက်ရန်ဖိတ်ခေါ်ခဲ့သည်။ သို့သော် ၂၀၀၃ ခုနှစ် ဩဂုတ်လ (၂၆) ရက်က ချမှတ်ခဲ့သော အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုအပေါ် နအဖက အပြင်းအထန် ဝေဖန်ထိုးနှက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီအဖွဲ့အစည်းများကို အပုတ်ချတိုက်ခိုက်မှုများ ပြုလုပ်နေသည်။

နအဖ စစ်ခေါင်းဆောင်များအနေဖြင့် နိုင်ငံတကာ၏ ဒဏ်ခတ်ပိတ်ပင်မှုများကြောင့် ကျဆင်းနေသည့် နိုင်ငံရေးသိက္ခာနှင့် စီးပွားရေးအခြေအနေကို အဖတ်ဆယ်ရန်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန်ချစ်ကြည်ရေးခရီးများ ဆောင်ရွက်ခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးများကို တိုးမြှင့်လုပ်ဆောင်ခြင်းတို့ကို ကြိုးစားလုပ်ဆောင်သွားရန် ဆုံးဖြတ်ထားပုံရသည်။ လက်ရှိ နအဖ အခြေအနေမှာ နိုင်ငံတော်အာဏာကို ဆုတ်ကိုင်ထားနိုင်သော်လည်း တိုင်းပြည်စီးပွားရေးကို စီမံထိန်းချုပ်နိုင်မှု လုံးဝမရှိချေ။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ မလုပ်ဆောင်နိုင်ပါက အကြပ်အတည်းများ ပိုမိုကြီးမားလာနိုင်ပြီး အထွေထွေအုံကြွမှုများနှင့် ရင်ဆိုင်ရနိုင်သည်ကို နအဖက ခန့်မှန်းထားပြီး လူထုလှုပ်ရှားမှုများကို ဖိနှိပ်ရန် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်နေသည်။ မြဝတီ၊ ဖြူး၊ ရန်ကုန်၊ မုံရွာ၊ ဟုမ္မလင်း စသည့် နိုင်ငံအနှံ့ ဗုံးပေါက်ကွဲခြင်းများ ဆက်တိုက် ဖြစ်ပေါ်နေခြင်းသည်လည်း ပြည်တွင်းအခြေအနေ မတည်ငြိမ်မှုကို ပြသနေခြင်းပင်ဖြစ်သည်။

**၅။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နှင့် ပြည်သူ့လူထုအခြေအနေ**

၂၀၀၁ ခုနှစ် ပထမ ရှစ်လပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ (၃၅%) နှုန်း လျော့နည်းခဲ့ပြီး ၂၀၀၂ ခုနှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များ မရှိသလောက်ဖြစ်ခဲ့သည်။ ပြည်တွင်းပုဂ္ဂလိကများကို ထုတ်ပေးထားသည့် သွင်းကုန်လိုင်စင်များကို ၂၀၀၁ ခုနှစ် မတ်လတွင် ဖျက်သိမ်းခဲ့သည်။ နိုင်ငံခြားကုမ္ပဏီများ၏ သွင်းကုန်လိုင်စင်များကိုလည်း ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှစ၍ သက်တမ်းတိုးမပေးတော့ပေ။ ၂၀၀၃ ခုနှစ် နှစ်ဆန်းတွင် ဖြစ်ပွားခဲ့သော ဘဏ်အကျပ်အတည်းပြဿနာများ ဖြစ်ပွားခဲ့ရာ အကျိုးဆောင်ကုမ္ပဏီများ ဒေဝါလီခံခဲ့ရပြီး နအဖ၏ စီးပွားရေးအခြေအနေသည် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အကဲခတ်ကြသည်။ ပြည်သူလူထုအများစုကြီး ဆင်းရဲကြပ်တည်းနေချိန်တွင် နအဖ အာဏာပိုင်များနှင့် နီးစပ်သည့်သူများသာ စီးပွားရေးအဆင်ပြေနေသည်။

ဓါတ်ဆီ၊ ဒီဇယ် အခြေခံလောင်စာများ အဆမတန် ဈေးနှုန်းများမြင့်တက်ခြင်းကြောင့် လမ်းပမ်းဆက်သွယ်ရေး စရိတ်များ ကြီးမားနေသည်။ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုမှာလည်း လုံလောက်မှုမရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာလည်း တရိန်ထိုး ကျဆင်းလျှက်ရှိသည်။ မြန်မာငွေဈေး တဒေါ်လာ ၁၀၀၀ ကျော်ထိ တရိန်ထိုး ကျဆင်းခဲ့သည်။ ငွေစက္ကူအတုများမှာလည်း တနိုင်ငံလုံး ပြန့်နှံ့နေသည်။

နအဖ အနေဖြင့် တိုင်းပြည်၏ ဘတ်ဂျက်ရှင်းတမ်းထုတ်ပြန်နိုင်သည့် အခြေနေပင် မရှိတော့ပေ။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ စီးပွားပျက်ကပ်ဆီသို့ ဦးတည်နေကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ခန့်မှန်းကြသည်။

ဝန်ထမ်းများအခြေအနေမှာလည်း လစာငွေဖြင့် လုံးဝမလုံလောက်သည့် အခြေအနေကို ရင်ဆိုင်နေရပြီး အကျင့်ပျက်ချစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ နေရာတိုင်းတွင် တရားဝင်လုပ်ဆောင်နေသည်။

ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး အခန်းကဏ္ဍများ အဆိုးဝါးဆုံးအခြေအနေသို့ ရောက်ရှိနေပြီး လူမှုရေးတန်ဖိုးထားမှုများနှင့် စာရိတ္တများ လျော့ပါးလာသည်။ ၂ လုံး၊ ၃ လုံးတိုက် ချဲထီနှင့် လောင်းကစားလုပ်ငန်းများ နေရာတကာ တွေ့နေရသည်။

အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်းများအားလုံး နအဖ စစ်အစိုးရလက်အောက်တွင် အထွေထွေ အကြပ်အတည်းများနှင့်အတူ ငွေကြေးဖောင်းပွမှု၊ အခြေခံ ဆန်၊ ဆီ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ နအဖ၏ အခွန်အကောက်များ ကြီးမားခြင်းတို့ကြောင့် လူထု၏ ဆင်းရဲဒုက္ခမှာ တနေ့တခြား ဆိုးရွားလာနေသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှုများကို စိတ်ဓါတ်ရေးရာအရ အပြည့်အဝထောက်ခံအားပေးနေသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်များတွင် နအဖ အာဏာပိုင်များ၏ အနှောက်အယှက်များကြားမှ ရဲရဲတင်းတင်း စုဝေးနိုင်ခဲ့သည်။ ပြောင်းလဲမှုဖြစ်ရန် မျှော်လင့်နေကြသည်။

မတရားဖိနှိပ်မှုများကြားမှပင် ဒေါက်တာဆလိုင်းထွန်းသန်း၊ ကျောင်းသားများ၏ လှုပ်ရှားမှုများ၊ သီလရှင် ၂ ပါး၏ ဆန္ဒပြမှု၊ ဦးရွှေမောင်းကိစ္စနှင့် ဖြိတ်သျှသံရုံးရှေ့ဆန္ဒပြမှုများ၊ တကိုယ်တော်ဆန္ဒပြမှုများနှင့် သံဃာလှုပ်ရှားမှုများစသည့် လူထုလှုပ်ရှားမှုများ တဖြေးဖြေး အရှိန်ရလာသည်ကို တွေ့နေရသည်။ အင်အားကောင်းသည့် လူထုလှုပ်ရှားမှုများဖြစ်ရန်နှင့် ပြည်သူလူထု၏ စီးပွားရေး ကြပ်တည်းမှုကြောင့် အထွေထွေမကျေနပ်မှုများမှ ပေါက်ကွဲမှုများ ထွက်ပေါ်လာနိုင်သည်။ နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့် လူထုအတွင်း လက်တွေ့ကျသည့် နိုင်ငံရေးလှုပ်ရှားမှုများ စည်းရုံးလုပ်ဆောင်ရန်နှင့် ပေါက်ကွဲမှုများဖြစ်လာပါက စနစ်တကျ နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ဆက်စပ်ပေးရန် ကြိုတင်ပြင်ဆင်သင့်သည့် အချိန်ကျရောက်နေသည်။ တိုင်းရင်းသားခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများအနေဖြင့် တိုင်းပြည်၏အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဝေဖန်ထောက်ပြနိုင်ခဲ့သည်။ ပြည်သူများမှာလည်း ပြင်ပမီဒီယာများနှင့် ယခင်ကထက်ပို၍ ရဲရဲတင်းတင်း ပြောဆိုလာခြင်းများရှိသည်။

စစ်တွေ၊ တောင်ငူ၊ တောင်ကြီး၊ တောင်တွင်းကြီး၊ မန္တလေးမြို့ကြီးများတွင် နိုင်ငံရေး၊ စီးပွားရေး အကြပ်အတည်းများ ဆိုးဝါးသည့်အခါတိုင်း ဗုဒ္ဓ – မွတ်ဆလင် ဘာသာရေး အရေးအခင်းများ၊ ကုလား – ဗမာ အဓိကရုဏ်းများ ဖြစ်ပွားသည်ကို တွေ့မြင်သုံးသပ်ရနိုင်သည်။ ကျောက်ဆည်ခရိုင်တွင် ၂၀၀၃ ခုနှစ် အောက်တိုဘာလက ဖြစ်ပွားခဲ့သော မွတ်ဆလင်ဘာသာကိုးကွယ်သူများ သေဆုံးရမှုသည် လွန်စွာ အရုပ်ဆိုးအကျည်းတန်သည့် အရေးအခင်းတခုဖြစ်ပြီး ယင်းဖြစ်ရပ်၏ နောက်ဆက်တွဲအဖြစ် မန္တလေး၊ ရန်ကုန်တိုင်း သင်္ကန်းကျွန်းမြို့နယ်များသို့ ဆက်လက်ကူးစက် ဖြစ်ပွားနေသည်မှာ အုပ်ချုပ်ရေး အာဏာကိုရယူထားသူများ၏ တာဝန်ကင်းမဲ့မှုကို ပြသနေခြင်းဖြစ်ပြီး လူထု၏ အထွေထွေမကျေနပ်မှုများမှာ အာဏာပိုင်များထံသို့ ကျရောက်ပေါက်ကွဲမည့် အခြေအနေသို့ရောက်ရှိတိုင်း အာဏာပိုင်များ၏ ဖန်တီးလုပ်ဆောင်သည့် အကွက်အကွင်းများဖြစ်ကြောင်း သိသာနိုင်သည်။

**၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အခြေအနေ**

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီး နှစ်ဦးနှစ်ဖက်ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့ပြီဟု ပြောဆိုခဲ့ကာ ၂၀၀၃ ခုနှစ် မေ (၃၀) မတိုင်မီထိ ဒေါ်အောင်ဆန်းစုကြည်နှင့် ထိပ်ပိုင်းခေါင်းဆောင်များကိုသာ အကန့်အသတ်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများကို ခွင့်ပြုထားခဲ့သေးသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ကန့်သတ်ထိန်းချုပ်မှုများကြားမှ ဦးစားပေးဆောင်ရွက်ရင်း လူထုတွင်းစည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့သည်။

၂၀၀၃ ခုနှစ် လွတ်လပ်ရေးနေ့ ကြေညာစာတမ်းတွင် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို တစုံတရာအသိမှတ်မပြုဘဲ ရွေးကောက်ပွဲသစ်ကို လက်မခံခြင်း၊ နအဖ၏ အမျိုးသားညီလာခံ၏ လက်ရှိပုံစံအနေအထားကို လက်မခံခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် ကမ္ဘာ့လှည့်ခရီးသည်များကိစ္စတို့ကို နဂိုမူလအတိုင်း မူဝါဒများမပြောင်းလဲဘဲ ကြံ့ကြံ့ခံ ရပ်တည်နေကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ထို့ပြင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဆက်လက် ရပ်တည်သွားမည်ဖြစ်ကြောင်း ထပ်လောင်း အတည်ပြုခဲ့သည်။

မြန်မာနိုင်ငံ လက်ငင်းကြုံတွေ့နေရသော အကြပ်အတည်းအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကို ဖြေရှင်းကျော်လွှားနိုင်သည့် တခုတည်းသောနည်းလမ်းမှာ နိုင်ငံရေးအဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးပင်ဖြစ်ကြောင်း၊ အခြားနည်းလမ်းလုံးဝ မရှိကြောင်း၊ တွေ့ဆုံဆွေးနွေးကြရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြုသာပြင်သာနည်းကိုသာ အသုံးပြုမည်ဖြစ်ကြောင်း၊ ပထမဦးစွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖတို့ စတင်ပြီးနောက်တွင် တိုင်းရင်းသားလူမျိုးစုပါတီများနှင့် လူမျိုးစု ကိုယ်စားလှယ်များ ပါဝင်လာကြရမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တွေ့ဆုံဆွေးနွေးရေးနှင့် ပတ်သက်သည့် သဘောထားကို ဖော်ပြခဲ့သည်။

လူမှုအထောက်အကူပြုအဖွဲ့ကို ဖွဲ့စည်းပြီးနောက်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသားများနှင့် ယင်းတို့၏မိသားစုများအတွက် အစီအစဉ်များ ပိုမိုလုပ်ဆောင်နိုင်ခဲ့သည်။

(၁၃) နှစ်မြောက် ရွေးကောက်ပွဲနှစ်ပတ်လည် ကြေညာစာတမ်းတွင် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အခြေခံသည့် ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူလူထုနှင့်အတူ ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်သွားမည်ဟု အတိအလင်း ထပ်မံဖော်ပြခဲ့ခြင်းဖြင့် ပြတ်သားသည့် နိုင်ငံရေးရပ်တည်ချက်ကို ချမှတ်ပေးနိုင်ခဲ့သည်။

မေ (၃၀) ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုအရေးအပြီး ပါတီခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအား ထိန်းသိမ်းခြင်း၊ မတရားပုဒ်မများတပ်၍ ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်ခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်များ၊ လူငယ်နှင့် အမျိုးသမီးလှုပ်ရှားမှုများ အားကောင်းလာခဲ့ပြီး နအဖ၏ တားမြစ်ဖိနှိပ်နေသည့်ကြားမှ နအဖ အပါအဝင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ အိတ်ဖွင့်ပေးစာပေးပို့ခြင်း၊ အစည်းအဝေးများခေါ်ယူခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံရန် ကြိုးစားခြင်းများကို ရဲရဲဝံ့ဝံ့ ပြုလုပ်နိုင်ခြင်းမှာ အထူးလေးစား ဂုဏ်ယူဖွယ်ဖြစ်သည်။

ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးမှ မွေးဖွားပေးခဲ့သော ပါတီတရပ်အနေဖြင့်လည်းကောင်း၊ လူထုထောက်ခံမှုကို ကိုယ်စားပြုထားသော ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပါတီတရပ်အနေဖြင့်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နဝတ၊ နအဖ၏ ဖိနှိပ်နှောက်ယှက်မှုများ၊ ဟန့်တားပိတ်ပင်မှုများနှင့် ညှဉ်းပမ်းနှိပ်စက်မှုများ အားလုံးကို စွန့်လွှတ်ပေးဆပ်မှုများဖြင့် ဒီမိုကရေစီရေးအတွက် မူဝါဒများကို နောက်မဆုတ်တမ်း ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားရင်း ဆက်လက် ချီတက်နိုင်ခဲ့ခြင်းတို့အပေါ် မြန်မာ့ဒီမိုကရေစီရေးတိုက်ပွဲ၏ အရေးကြီးသော ရှေ့ဆောင်တပ်ဦးပါတီတရပ် အနေဖြင့် အလေးအနက် အသိမှတ်ပြုအပ်ပေသည်။

## မေ– ၃၀ ဒီပဲယင်း အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှု

ဒီပဲယင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုသည် နအဖ သတင်းထုတ်ပြန်သကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသောလူထုနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင်သော သူတို့အကြား ပဋိပက္ခနှင့် ခိုက်ရန်ဖြစ်ပွားမှု မဟုတ်ချေ။ ဤကိစ္စသည် နအဖ ထိပ်သီးများကိုယ်တိုင် စီမံမှုဖြင့် လုံထိန်းအဖွဲ့ဝင်များ၊ ကြံ့ဖွံ့အဖွဲ့ဝင်များ၊ အကျဉ်းထောင်မှ လူဆိုးများက အစီအစဉ်ရှိရှိဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များကို အကြမ်းဖက် လုပ်ကြံသတ်ဖြတ်တိုက်ခိုက် ချေမှုန်းခြင်းဖြစ်သည်။ ထို့ကြောင့် ဤအရေးကိစ္စသည် နအဖထိပ်သီးများ ကျူးလွန်သည့် အလွန်ဆိုးရွားသော ရာဇဝတ်ပြစ်မှုကြီးဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံတော်လုပ်ကြံမှုကြီးလည်းဖြစ်သည်။ ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် မြန်မာပြည်သူတရပ်လုံးကို စိမ်ခေါ် စော်ကားလိုက်ခြင်းလည်းဖြစ်သည်။

နအဖထိပ်သီးများအနေဖြင့် ၁၉၉၀ မေလ ရွေးကောက်ပွဲအပြီး ပြည်သူရွေးချယ်သည့် ကိုယ်စားလှယ်များကို အာဏာလွှဲအပ်ပါမည်ဟူသော ကတိကဝတ်ကို အကောင်အထည်ဖော်ရန် လုံးဝဆန္ဒမရှိကြောင်း၊ အာဏာကို ရေရှည် ဆက်လက်စွဲကိုင်မည်ဖြစ်ကြောင်း၊ အာဏာကို ရေရှည် ဆက်ကိုင်ထားနိုင်ရန် အပြင်းအထန်ကြိုးစားမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

ဤအကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုသည် အမျိုးသားသင့်မြတ်ရေးကိုလည်းကောင်း၊ အနှစ်သာရရှိသည့် နိုင်ငံရေးဆွေးနွေးပွဲကိုလည်းကောင်း၊ **UN** ချမှတ်ထားသည့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကိုလည်းကောင်း နအဖတို့မှ လုပ်ဆောင်ရန် အစီအစဉ်မရှိကြောင်း၊ နအဖ ထုတ်ဖော်ပြောဆိုနေသော အမျိုးသားသင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေး အသံများသည် အတုအယောင်များသာဖြစ်ကြောင်း တိတိလင်းလင်း ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

## မေ – ၃၀ ဒီပဲယင်း အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ တုန့်ပြန်မှုများ

မေ– ၃၀ ဒီပဲယင်း အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားပြီးနောက် ပြည်တွင်းရှိရဟန်းရှင်လူ ပြည်သူများ၊ နိုင်ငံရေးအဖွဲ့အစည်းများက နအဖ သတင်းထုတ်ပြန်မှုကို အသိအမှတ်မပြုနိုင်ကြောင်းနှင့် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာအားလုံးနှင့် သေဆုံးသူ၊ ဒဏ်ရာရသူ၊ ဖမ်းဆီးခံရသူများ၏ စာရင်းကို စုံစမ်းဖော်ထုတ်ပေးရန်၊ ဖြစ်ရပ်အမှန်အတိုင်းသိရှိရန် ရဟန်းရှင်လူ ပြည်သူများက ပြင်းပြလိုလားစိတ်နှင့်အတူ တအုံ့နွေးနွေး ဖြစ်ပေါ်နေကြသည်။

ဒီပဲယင်း အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုဖြစ်ပွားပြီးနောက်ပိုင်းတွင် လူထု အုံကြွဆန္ဒပြမှုအချို့ နေရာအများအပြားတွင် ဖြစ်ပွားခဲ့သည်။ ၃၀ ရက်နေ့ညတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အနီး လူထုဆန္ဒပြမှု ဖြစ်ပွားခဲ့ပြီး နအဖ ပစ်ခတ်နှိမ်နင်းမှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်အများအပြား သေဆုံးခဲ့ရသည်။ ၂၀၀၃ ခုနှစ် ဇွန်လ ၅ ရက်နေ့က ပုသိမ်မြို့တွင် ကျောင်းသားနှင့်လူထု ဆန္ဒပြ လှုပ်ရှားမှုဖြစ်ပွားခဲ့သည်။ ၂၀၀၃ ခုနှစ် ဇွန်လ ၅ ရက်နေ့ရက်နေ့တွင်ပင် မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီတိုင်းတို့တွင် ရဟန်းသံဃာများ၏ လှုပ်ရှားမှုဖြစ်ပွားခဲ့သည်။ ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် တာမွေနှင့် ကျောက်မြောင်း၌ ကျောင်းသားနှင့် လူထုဆန္ဒပြ လှုပ်ရှားမှု ဖြစ်ပွားခဲ့သည်။ ထိုနေ့မှာပင် လှိုင်သာယာ စက်မှုဇုံ မြန်မာတော်ဝင် အထည်ချုပ်စက်ရုံတွင် အလုပ်သမားလှုပ်ရှားမှု ဖြစ်ပွားခဲ့ပြီး အမျိုးသမီးအလုပ်သမားများ ဦးဆောင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၊ **EU**၊ ကနေဒါ၊ ဂျာမဏီ၊ အီတလီ၊ အင်္ဂလန်၊ ဂျပန်၊ သြစတြေးလျ စသည့် နိုင်ငံများက နအဖကို ပြင်းထန်စွာ ကန့်ကွက်ခဲ့ကြသည်။ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အိန္ဒိယ နိုင်ငံများက စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။ **UN** နှင့် **ILO** ကလည်း ဤအကြမ်းဖက် တိုက်ခတ်မှုကြီးကို ကန့်ကွက်ခဲ့ကြသည်။

ကမ္ဘာတဝှမ်းတွင် သြဇာကြီးသည့် **Washington Post, New York Times, Los Angeles Times,** ထိုင်းနိုင်ငံထုတ် **The Nation, Bangkok Post** နှင့် အခြားနိုင်ငံအများအပြားမှ သတင်းစာကြီးများက မေ – ၃၀ ဒီပဲယင်း အကြမ်းဖက် တိုက်ခိုက်မှုကြီး အကြောင်းကို ရေးသားခဲ့ကြပြီး လက်ခံနိုင်စရာမရှိကြောင်းနှင့် ဤဖြစ်ရပ်များကို အမြန်ဆုံးလေ့လာ ဖော်ထုတ်ရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို အမြန်ပြန်လွှတ်ရန် ဝေဖန်ရေးသားခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ အိန္ဒိယ၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ သြစတြေးလျ စသည့် နိုင်ငံများရှိ မြန်မာ့နိုင်ငံရေး အဖွဲ့အစည်းများသည်  အပြင်းအထန် ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ စဉ်ဆက်မပြတ် ဆန္ဒပြလျက်ရှိနေကြသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန် တောင်းဆိုသည့် အသံများကိုလည်း ကြားသိနေရသည်။

**၇။ တိုင်းရင်းသားနိုင်ငံရေးပါတီများ နှင့် အပစ်အခတ်ရပ်စဲထားသော အဖွဲ့များ**

၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်တွင် တိုင်းရင်းသားနိုင်ငံရေးပါတီအဖွဲ့ (၇) ဖွဲ့ က နအဖအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆွေးနွေးပွဲများ အရှိန်အဟုန် မြင့်တင်ရေး၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ လူမျိုးစုနိုင်ငံရေးပါတီများ၊ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများအား အမျိုးသားသွေးစည်းညီညွတ်ရေးကို အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းနိုင်ရန်အတွက် တတိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးနှင့် အထွေထွေလွတ်ငြိမ်းချမ်းသာ ခွင့်ပေးရေး၊ သုံးပွင့်ဆိုင်တွေ့ဆုံရေး သဘောထားများကို အတိအလင်း ထုတ်ပြန်ခဲ့သည်။

တိုင်းရင်းသားနိုင်ငံရေးပါတီများမှာ ယခင်က နိုင်ငံရေးပါတီ (၂၇) ခုဖြင့် ဖွဲ့စည်းထားခဲ့သော **UNLD** အဖြစ် စုပေါင်း လှုပ်ရှားခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ နိုင်ငံရေးလှုပ်ရှားမှုများကို လုံးဝပိတ်ပင်ထားဆဲ ဖြစ်သော်လည်း အဖျက်သိမ်းခံထားရသော တိုင်းရင်းသားပါတီများပါ ပါဝင်သော **United Nationalities Allience (UNA)** ဖွဲ့စည်းခဲ့ကာ အခြားတိုင်းရင်းသား အဖွဲ့စည်းများနှင့် ဆက်စပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့သည်။ တပြိုင်နက်တည်းမှာပင် ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** ကို ဦးစောမရအောင်၊ ဦးနိုင်ငွေသိန်း၊ ဦးကျင်ရှင်းထန်နှင့် ဦးခွန်ထွန်းဦး စသော တိုင်းရင်းသားခေါင်းဆောင်တို့ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများ အမြန်ဆုံးဖြစ်မြောက်ရေးအတွက် တိုက်တွန်းခြင်း၊ သုံးပွင့်ဆိုင်တွေ့ဆုံရေးအတွက် ပြင်ဆင်ခြင်း၊ ကုလအထူး ကိုယ်စားလှယ်တော်ကြီးများနှင့်တွေ့ဆုံ၍ အမြင်များတင်ပြခြင်း၊ မျက်မှောက်နိုင်ငံရေးအခြေအနေများနှင့် ပြည်တွင်းအခြေအနေများကို ပြတ်ပြတ်သားသား ရဲဝံ့စွာ ချပြပြောဆိုခြင်းများ ပြုလုပ်လာသည်။

ထို့ပြင် နအဖ၏ လမ်းပြမြေပုံ (၇) ချက်အပေါ် **CRPP/UNLD** နှင့် **UNA** တို့မှ တိုင်းရင်းသားခေါင်းဆောင်များ၏ လက်ခံနိုင်မှုမရှိဆိုသော တုန့်ပြန်ချက်များနှင့် **UNLD** မှ ပြတ်ပြတ်သားသား ချမှတ်ခဲ့သော ဆုံးဖြတ်ချက် (၅) ရပ်တို့မှာ မျက်မှောက် မြန်မာ့နိုင်ငံရေးအခြေအနေတွင် သင့်တော်မှန်ကန်သည့် ဆုံးဖြတ်ချက်များဖြစ်ကြောင်း မှတ်တမ်းတင်ထိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့ကြား စကားပြောဆိုနေသည်ဟု အသံများထွက်လာပြီး အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားအဖွဲ့များက ထောက်ခံကြောင်း လက်မှတ်ရေးထိုး၍ ပူးတွဲကြေညာချက် ထုတ်ပြန်သည့်အပေါ် နအဖက  ခေါ်ယူ သတိပေး ခြိမ်းခြောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့် ဆက်ဆံမှုများကိုလည်း အထူး ဂရုစိုက်စောင့်ကြည့်ခံနေရပြန်သည်။ အပစ်အခတ်ရပ်စဲထားသောအဖွဲ့များမှာ မုန်းကိုးအရေးအခင်းအပြီးတွင် နအဖအား သတိထားဆက်ဆံနေရပြီး လက်ရှိအနေအထားကို ထိန်းသိမ်းနေရသည့် အနေအထားရှိသည်။ စီးပွားရေးလုပ်ငန်း၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး၊ လူမှုရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့် လုပ်ဆောင်ခွင့်ပြုထားသည်။ အပစ်ခတ်ရပ်စဲထားသော အဖွဲ့စည်းများ တခုနှင့်တခုကြား နိုင်ငံရေးအရ စုစည်းလှုပ်ရှားမှုများကိုပင် လျှို့ဝှက်စွာ ပြုလုပ်နေရသည်။ တဖက်တွင်လည်း နအဖက အမြဲတန်း လက်နက်ဖြုတ်ရန် ကြိုးစားနေခဲ့သည်။ တဖက်တွင်လည်း အမျိုးသားညီလာခံ တက်ရောက်ရန်အတွက် ဖိအားပေးမှုများ ပြုလုပ်နေသည်။

၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် **KIO** အဖွဲ့အတွင်း ခေါင်းဆောင်ပြောင်းလဲမှုဖြစ်ခဲ့ပြီး ၂၀၀၂ ခုနှစ် အောက်တိုဘာလ (၁၉) ရက်တွင် ကချင်လူထုအစည်းအဝေးပွဲကျင်းခဲ့ပြီး ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့ကို ဖွဲ့စည်းကာ အမျိုးသားညီလာခံ အသစ်တခု ခေါ်ယူရန် လိုအပ်ကြောင်း ထုတ်ဖော်ခဲ့သည်။ ၂၀၀၃ ခုနှစ် မတ်လ (၇) ရက်တွင် **NMSP** ဥက္ကဋ္ဌကြီး နိုင်ရွှေကျင် ကွယ်လွန်ခဲ့ပြီးနောက် ဥက္ကဋ္ဌတာဝန်ကို နိုင်ထင်က တာဝန်ယူဆက်ခံခဲ့သည်။

ယနေ့ကာလကဲ့သို့ အရေးကြီးသည့် မြန်မာနိုင်ငံရေး အခြေအနေအောက်တွင် စစ်ရေး၊ နိုင်ငံရေးလှုပ်ရှားမှုများကို တိုးမြင့်လုပ်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်သော်လည်း အပစ်အခတ်ရပ်စဲထားသောအဖွဲ့များမှာ နိုင်ငံရေးအရ စုစည်းမှုများကို အကန့်အသတ် ခံထားရသည့်အပြင် နအဖ၏ အကြပ်ကိုင်မှုများနှင့် ရင်ဆိုင်နေရပြီး လက်ရှိအခြေအနေကို ထိန်းနိုင်ရေးအတွက် သတိထား ဆက်ဆံနေကြရသည်။

၈။ မဟာမိတ်တပ်ပေါင်းစုများ အခြေအနေ

၂၀၀၁ ခုနှစ်တွင် **DAB** နှင့် ၂၀၀၂ ခုနှစ်တွင် **NCUB** နှင့် NDF ညီလာခံများကျင်းပခဲ့သည်။ တပ်ပေါင်းစုကြီးများအနေဖြင့် အဖွဲ့အစည်းများအား နိုင်ငံရေးအသွင်အရ အတိုင်းအတာတခုထိ စုစည်းထားနိုင်သော်လည်း နအဖအား လက်တွေ့ကျ၍ ထိရောက်သည့် ဖိအားပေးရေးအစီစဉ်များ လုပ်ဆောင်သွားရန်ကြိုးစားနေရင်း သုံးပွင့်ဆိုင်တွေ့ဆုံပွဲပေါ်ထွန်းရေးနှင့် ၁၉၉၀ ရွေးကောက်ပွဲကို အခြေခံသည့် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးကို မဟာဗျူဟာ လုပ်ငန်းစဉ်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့သည်။

**NCUB** တပ်ပေါင်းစုကြီးအနေဖြင့် ယခင်က ပါလီမန်အသွင်သဘောထားရှိရာမှ ဆဌမအကြိမ်ညီလာခံမှစ၍ တပ်ပေါင်းစုအဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။ **HIV/AIDS , Political and Economic Sanction, ODA, Humanitarian Assistance** နှင့် မူးယစ်ဆေးဝါးဆိုင်ရာ **Policy Statement** များထုတ်ပြန်ခဲ့သည်။ တပ်ပေါင်းစုအဖွဲ့ဝင်များအနေဖြင့် တပ်ပေါင်းစု၏ နိုင်ငံရေး၊ စစ်ရေးလုပ်ငန်းများကို အခြေအနေ အကန့်အသတ်များကြားမှပင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရန် မြန်မာ့နိုင်ငံရေး အခြေအနေက တောင်းဆိုနေပေသည်။

**NCUB** တပ်ပေါင်းစုနှင့် **NCGUB** အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့တို့၏ လှုပ်ရှားမှုများသည် မေ (၃၀) ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုအရေးအပြီး နိုင်ငံတကာအသိုင်းအဝိုင်းမှ ဒီမိုကရေစီရေးအတွက် ထောက်ခံပံ့ပိုးမှုများရရှိရေး၊ နအဖအား ဖိအားပေးမှုများ တိုးမြင့်ဆောင်ရွက်ရေးတို့ကို အရှိန်မြင့်ဆောင်ရွက်နိုင်ခဲ့သလို နိုင်ငံတကာရောက် မျိုးချစ်မြန်မာအင်အားစုများ၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်လှုပ်ရှားမှုများ ပိုမိုအားကောင်းလာသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလ (၂၄) ရက်တွင် **NCUB** တပ်ပေါင်းစုက မြန်မာ့နိုင်ငံရေးအခြေအနေအား ကုလသမဂ္ဂမှ ကြားဝင်ဆောင်ရွက်ရေးအတွက် တိုက်တွန်းသည့် စာတမ်းတစောင်ကို ထုတ်ပြန်ကြေညာခဲ့သည်။

**KNU/KNPP/SSA/ALP/CNF** အဖွဲ့များ ပူပေါင်းထားသော စစ်ရေးမဟာမိတ်အဖွဲ့မှာလည်း ပုံမှန်ညှိနှိုင်းမှုများ ပြုလုပ်၍ နိုင်ငံရေးဆိုင်ရာ ပူးပေါင်းကာကွယ်မှုများ ပိုမိုပြုလုပ်နေခြင်းနှင့် ဒီမိုကရေစီရေး၊ အမျိုးသားရေးနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးလုပ်ငန်းများကို ခိုင်မာစွာ ဆက်လက်ချီတက် တိုက်ပွဲဝင်လျက်ရှိသည်။

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် တက်ကြွစွာ လိုက်ပါနိုင်ရေးအတွက် တိုင်းရင်းသားအဖွဲ့များ စုပေါင်း၍ ၂၀၀၁ ခုနှစ် ဩဂုတ်လတွင် "လောခီးလာ" ကြေညာစာတမ်း၊ ၂၀၀၂ ခုနှစ်တွင် **Pinlong Initiative** နှင့် **Copenhagen Declaration** များကို ဆောင်ရွက်ခဲ့သည်။

**ENSCC** နှင့် **NRP** တို့မှလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် သုံးပွင့်ဆိုင်တွေ့ဆုံရေးအတွက် လုပ်ငန်းများ လုပ်ဆောင်နေကြသည်။

၉။ မကဒတ အခြေအနေ

၂၀၀၁ ခုနှစ် စက်တင်ဘာလ မကဒတ ပဥ္စမအကြိမ်ညီလာခံ ဗဟိုကော်မတီအစည်းအဝေးပြီးချိန်မှစ၍ မကဒတ၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးဆိုင်ရာ အမြင်များ ရှုတ်ထွေးခဲ့မှုကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ အဖွဲ့အစည်းတွင်းသာမက တပ်ပေါင်းစုမဟာမိတ်များ၊ ပြည်တွင်း အင်အားစုများကြားတွင်ပါ ၂ နှစ်ကျော်ကာလတိုင်အောင် ဗဟိုကော်မတီမှ ရှင်းလင်းဆောင်ရွက်ခဲ့ရသည်။ မကဒတ၏ နိုင်ငံရေးဆိုင်ရပ်တည်ချက်များကို အားလုံးက စောင့်ကြည့်အကဲဖြတ်ခြင်းကို ခံခဲ့ကြရသည်။ သဘာဝကျစွာပင် တပ်ပေါင်းစုများတွင် တပ်ဦးအပေါ် အလေးထားမှုများ လျော့နည်းခဲ့သည်။

ဗဟိုကော်မတီနှင့် တပ်ဖွဲ့ဝင်များကြား အရိပ်ထင်ခဲ့သော အစွဲများကို တာဝန်သိသိ၊ အသိစိတ်ဓါတ်ရှိရှိဖြင့် ဖြေဖျောက်နိုင်ခဲ့ကြပြီး အားကောင်းသည့် နားလည်ညီညွတ်မှုများကို ပြန်လည်တည်ဆောက်ရယူနိုင်ခဲ့သည်။ ညီလာခံများနှင့် ဗဟိုကော်မတီ အစည်းအဝေးများတွင် အပြုသဘောဆောင် ပွင့်ပွင့်လင်းလင်းဝေဖန်မှုများ ပြုလုပ်လာနိုင်ခဲ့သည်။ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ သဘောထား၊ မူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များကို မှန်ကန်စွာ ချပြနိုင်ခဲ့သော်လည်း အခြေအနေ အကန့်အသတ်များကြားတွင် လက်တွေ့ဆောင်ရွက်နိုင်မှုများ အားနည်းလျက်ရှိနေသေးသည်။ ဗဟိုကော်မတီများ လက်တွေ့လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရင်း ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းရေးကို ကြိုးစားဆောင်ရွက်နေရသည်။

ဗဟိုကော်မတီ၊ ဌာနဆိုင်ရာ၊ စရခ၊ တပ်ရင်းတပ်ဖွဲ့များကြား ပုံမှန်လုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် လက်ရှိ မကဒတ တပ်ဖွဲ့ဝင်များအား တောင်းဆိုနေသည့်အချက်မှာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရေးပင်ဖြစ်သည်။ တပြိုင်နက်တည်းမှာပင် နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးနှင့် အတတ်ပညာများသာမက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာများကိုလည်း တပ်ဦးတပ်ဖွဲ့ဝင်များအား အရည်အချင်း မြှင့်တင်သွားနိုင်ရေးများကို စတင်ဆောင်ရွက်နေရသလို တပ်ဦးနှင့် တပ်မတော်၏ အလုပ်များအတွက်လိုအပ်နေသည့် တပ်ဖွဲ့ဝင်အင်အား ဖြည့်တင်းရေး၊ မျိုးဆက်သစ်များ မွေးမြူရေးအတွက် အစီအစဉ်များကိုလည်း တပြိုင်နက်တည်း ဆောင်ရွက်နေရပါသည်။

ဆဌမအကြိမ် ညီလာခံအပြီးမှစ၍ **NGO** အချို့၏ ထောက်ပံ့မှုများ ရပ်တန့်ခံခဲ့ရသည်။ ပဥ္စမအကြိမ်ညီလာခံသက်တမ်းအတွင်းဖြစ်ခဲ့သော အပြောင်းအလဲများနှင့် မကဒတအား စစ်ရေးသက်သက်သာ လုပ်ဆောင်နေသည့် အဖွဲ့အစည်းအဖြစ် ရှုမြင်သုံးသပ်ချက်များကြောင့်ဖြစ်သည်။ ဆက်လက်ထောက်ပံ့နေသော **NGO** များ၏ ထောက်ပံ့မှုမှာလည်း ထက်ဝက်ကျဆင်းခဲ့ရသည်။ လက်ရှိနိုင်ငံတကာအခင်းအကျင်းမှာ လက်နက်ကိုင်အဖွဲ့စည်းများအတွက် လုံလောက်သည့် အကူအညီများရရှိရန် အကန့်အသတ်များ ရှိနေသည်။ သို့သော် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် **NGO** များကို မကဒတ၏ ရပ်တည်ချက်နှင့် နိုင်ငံရေးအမြင်များကို စနစ်တကျချဉ်းကပ်ခြင်း၊ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု သတင်းအချက်အလက်များကို ပုံမှန်စနစ်တကျ တင်ပြခြင်းနှင့် တပ်ဦး၏ နိုင်ငံရေး၊ စစ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သတင်းလုပ်ငန်းများစသော လက်တွေ့လုပ်ငန်းများ၏ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်သွားခြင်းများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်သည်။

ဤသို့ တပ်ဦး၏ ဘဏ္ဍာရေး အခြေအနေ အခက်အခဲဆုံးကာလတွင် ရရှိလာသော ဝင်ငွေအများစုကို အခြေခံရိက္ခာနှင့် ရပ်တည်ရေးအတွက်သာ ဖြည့်ဆည်းခဲ့ရသည့်အတွက် အရေးကြီးသော လက်နက်ကိုင်တော်လှန်ရေးလုပ်ငန်းစဉ်များ အားနည်းခဲ့ရသည်။

တဖက်တွင်လည်း နိုင်ငံတကာရောက်မျိုးချစ်အင်အားစုများ၏ ပံ့ပိုးကူညီမှုများမှာ ၁၅ နှစ်တာကာလအတွင်း ယနေ့ကာလသည် အများဆုံးဖြစ်ခဲ့သည်ကို အလေးအနက် မှတ်တမ်းတင်ပေသည်။ သို့ရာတွင် ယခုအနေအထားထက် လုပ်ငန်းစဉ်များကို ပိုမို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက လက်ရှိဘဏ္ဍာရေးအကြပ်အတည်းများကို ကျော်လွှားနိုင်ပေလိမ့်မည်။

ဤသို့သော အချိုးအကွေ့ အလှည့်အပြောင်းများနှင့် အခြေအနေ အကြပ်အတည်းများ ကြီးမားနေသည့်ကာလတွင် မကဒတ၏ တပ်ရင်း၊ တပ်ဖွဲ့များ၊ နယ်မြေဒေသများတွင် နိုင်ငံရေး၊ စစ်ရေးလုပ်ငန်းများကို အားထုတ်လုပ်ဆောင်နေကြသော တပ်ဖွဲ့ဝင်ရဲဘော်များ၏ အခန်းကဏ္ဍကို အလေးအနက် မှတ်တမ်းတင် ဂုဏ်ပြုကြောင်း အထူးပင် ဖော်ပြလိုပါသည်။

မည်သို့ပင်ဖြစ်စေ လက်တွေ့အခြေအနေတွင် မကဒတ အနေဖြင့် လူထုနှင့် အနီးကပ်ဆုံးရှိသည့် ဒေသများအား စည်းရုံးရေးဒေသများအဖြစ် သတ်မှတ်၍ ကျယ်ပြန့်စွာ လှုပ်ရှားဆောင်ရွက်နိုင်သည့် အနေအထားတွင်ရှိနေသေးသည်။ မဟာမိတ်များနှင့် ပူးတွဲ၍ **DAB** နှင့် **NCUB** အလုပ်အဖွဲ့များ စုဖွဲ့ရာတွင် ပါဝင်နိုင်ခြင်း၊ ပြောက်ကျားစစ်လှုပ်ရှားမှုများ၊ လူထုအတွင်း ပညာရေး၊ ကျန်းမာရေး၊ သတင်းစုဆောင်းရေးနှင့် ပြည်တွင်းလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်သွားနိုင်သည့် အခြေအနေကောင်းများ ရှိနေပြန်သည်။

ယနေ့ မကဒတသည် ကြီးမားသည့် အချိုးအကွေ့များနှင့် အလှည့်အပြောင်းကြီးတခုကို ဖြတ်သန်းရင်း လက်နက်ကိုင်တော်လှန်ရေးအလံကို ဆက်လက်လွှင့်ထူထားနိုင်ခဲ့သည့်အပေါ် မဟာမိတ်အဖွဲ့အစည်းများနှင့် မျိုးချစ်ပြည်ချစ် မိတ်ဆွေရဲဘော်များက အသိအမှတ်ပြုပြီး အခက်အခဲများကြားတွင် အင်အားများ ယုတ်လျော့ခဲ့ရခြင်းနှင့် အလုပ်များ အားနည်းခဲ့ခြင်းအပေါ် စာနာနားလည်နိုင်ခဲ့ကြသည်။ သို့သော် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီ တော်လှန်ရေးအတွက် ထိရောက်သည့်အလုပ်များ ဆက်လက်လုပ်နိုင်စွမ်း ရှိမရှိကိုမူ အကဲခတ်စောင့်ကြည့်နေကြသည်။ မကဒတအနေဖြင့် ကြံ့ခိုင်စွာ ရပ်တည်နိုင်ရုံဖြင့် မလုံလောက်တော့ဘဲ လက်တွေ့ အလုပ်လုပ်ပြရမည့် အချိန်ကျရောက်နေပေသည်။

၁၅ နှစ်တာ တော်လှန်ရေး အတွေ့အကြုံ ဖြတ်သန်းမှုများအရ စည်းရုံးညီညွတ်ရေးသည် မကဒတ၏ အသက်သွေးကြောတခုဖြစ်သည်ဟု ခံယူကျင့်သုံးလျှက် အပြန်အလှန် အသိမှတ်ပြု လေးစားတန်ဖိုးထားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများ မြှင့်တင်ရင်း အမှန်တကယ် ကြိုးစားအားထုတ်မှုများ ပြုလုပ်သွားရန် လိုအပ်သည်ဟု အလေးအနက် ခံယူထားသည်။

ဤသို့သော အခြေအနေပြဌာန်းချက်များအောက်တွင် –

**ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေး၊ နိုင်ငံရေးအဖွဲ့အစည်းများ၏ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်များ ရရှိရေး၊ တိုင်းရင်းသားဒေသများတွင် ပြုလုပ်နေသော ထိုးစစ်များရပ်တန့်ရေး၊ အပစ်အခတ်ရပ်စဲ၍ နိုင်ငံရေးပြဿနာများ အဖြေရှာမှုမရှိသမျှ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည်မှာ ဖြစ်ထွန်းပေါ်ပေါက်မလာနိုင်ချေ။**

နအဖ စစ်အာဏာရှင်များအနေဖြင့် တိုင်းပြည်အာဏာကို အချိန်ဆွဲ၍ အစွမ်းကုန် ချုပ်ကိုင်ထားရန် ကြိုးစားနေပေရာ နိုင်ငံရေးအဖွဲ့စည်းများအနေဖြင့် လူထုအားကိုး ယုံကြည်လောက်သည့် နိုင်ငံရေး၊ စစ်ရေးနှင့် စည်းရုံးရေးလုပ်ငန်းများကို လက်တွေ့ လုပ်ဆောင်ရန် တောင်းဆိုနေသည်။ တဖက်တွင်လည်း အသွင်အမျိုးမျိုးဖြင့် လှုပ်ရှားဆောင်ရွက်နေသော နိုင်ငံရေးအဖွဲ့စည်းများ၏ အရည်အတွက်မှာ တနေ့တခြား များပြားလာနေသည်။ တပြိုင်နက်တည်းမှာပင် နိုင်ငံတကာရောက် ဒီမိုကရေစီရေးလိုလားသူများ၊ အဖွဲ့အစည်းများနှင့် လက်တွဲ၍ သံတမန်ရေး တိုက်ပွဲများကိုလည်း အရှိန်မြင့်တင်သွားရပေမည်။

လက်နက်ကိုင်တိုက်ပွဲဝင်နေသောအဖွဲ့စည်းများမှာ အကန့်အသတ်များရှိနေသော်လည်း စစ်အာဏာရှင်စနစ် တိုက်ဖျက် ရေးတွင် မရှိမဖြစ် လိုအပ်နေသေးသည့် အခန်းကဏ္ဍတွင် ရှိသည်။ ပြောက်ကျားစစ်များ ဆင်နွှဲနေရင်း ထိရောက်သည့် ပစ်မှတ် များကို ရှာဖွေဖော်ထုတ်သင့်သည်။

တပ်ပေါင်းစုအဖွဲ့အစည်းကြီးများ၏ လုပ်ငန်းများ ပြန်လည်လန်းဆန်း၍ အရှိန်မြင့် ကြိုးစားလုပ်ဆောင်နေသည့်အချိန်တွင် အဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ လက်တွေ့အကောင်ထည်ဖော်မှုများတွင် တက်တက်ကြွကြွ ပါဝင်ကြရမည်ဖြစ်သည်။ ပြည်တွင်း နိုင်ငံရေးပါတီများ၊ အပစ်အခတ်ရပ်စဲထားသောအဖွဲ့စည်းများ၊ တော်လှန်တိုက်ပွဲဝင်နေသောအဖွဲ့အစည်းများသည် ပုံစံမတူ ကွဲပြားစွာ တိုက်ပွဲဝင်နေကြသည့် အနေအထားများကို အချိတ်အဆက်မိရန် တပ်ပေါင်းစုများက ကြိုးစား ဆောင်ရွက်နေချိန်တွင် မကဒတ အနေဖြင့် တပ်ပေါင်းစုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရင်း အခြားအဖွဲ့ဝင်များအားလည်း စည်းရုံးတိုက်တွန်းသွားမည်ဖြစ်သည်။

နိုင်ငံရေးတွေ့ဆုံပွဲများ ပြုလုပ်ရေး၊ ပြည်သူ့လွှတ်တော် ပေါ်ပေါက်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးများကို မည်သို့ပင် တောင်းဆိုနေစေကာမူ နအဖ စစ်အာဏာရှင်များအနေဖြင့် ယင်းတို့၏အခြေအနေကို ကိုင်လှုပ်နိုင်သည့် အနေအထား မရှိပါက မည်သည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှ ပြုလုပ်မည်မဟုတ်ပေ။ ပြောင်းလဲမှုများကို ပြုလုပ်နေသယောင် အပေါ်ယံဟန်ပြ သဘောမျိုးသာ မြင်တွေ့နေရမည်သာဖြစ်သည်။ ထိရောက်သည့် နိုင်ငံရေး၊ စစ်ရေး၊ လူထုတိုက်ပွဲများ ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်ရန် အခြေအနေက တောင်းဆိုနေပေသည်။

ထို့ကြောင့် –

၁။ စစ်အာဏာရှင်စနစ် တရားဝင်သက်ဆိုးရှည်ရေးလုပ်ငန်းစဉ်ဖြစ်သည့် နအဖလမ်းပြမြေပုံ (၇) ချက်အား အကောင်အထည် ဖော်သည့် လုပ်ရပ်များကို ပြည်တွင်းပြည်ပမှ ဘက်ပေါင်းစုံ တိုက်ဖျက်သွားရေး၊

၂။ အထွေထွေ အကြပ်အတည်းများကြားမှ လူထုတိုက်ပွဲများ၊ လူထုအုံကြွမှုများ ဖြစ်ပေါ်လာပါက နိုင်ငံရေး၊ စစ်ရေး၊ နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းရံထောက်ခံ အားပေးသွားရေး၊

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** နှင့် **UNLD/ UNA** တိုင်းရင်းသား နိုင်ငံရေးပါတီများ၏ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများ၏ နိုင်ငံရေးလှုပ်ရှားမှုများကို အပြည့်အဝ ဝိုင်းရံ ထောက်ခံပေးရေး၊

၄။ ၁၉၉၀ ပြည့် မေလရွေးကောက်ပွဲရလဒ်ကို အခိုင်အမာ ဆက်လက်ဆွဲကိုင်ထားရေး၊

၅။ တပ်ပေါင်းစုအဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးလုပ်ငန်းများကို အရှိန်မြင့်လုပ်ဆောင်သွားရေး၊

၆။ ကုလသမဂ္ဂမှ ပိုမိုထိရောက်သည့် မြန်မာ့နိုင်ငံရေးဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော်နိုင်ရေး၊ ကြားဝင် ဖြေရှင်းမှုများ ပြုလုပ်ရေးနှင့် အာစီယံနိုင်ငံ အပါအဝင် နိုင်ငံတကာအစိုးရများ၏ နအဖအပေါ် ဖိအားပေးမှုများ ဆက်လက်တိုးမြှင့် သွားရေး စသည့် ...

လုပ်ငန်းစဉ်များကို ပြုလုပ်သွားကြရန် တိုက်တွန်းတင်ပြရင်း မကဒတ၏ သတ္တမအကြိမ်ညီလာခံမှ ချမှတ်ခဲ့သော လတ်တလော လုပ်ငန်းစဉ်ဖြစ်သည့် လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲပေါင်းစပ်ရေး လုပ်ငန်းစဉ်ကို ခိုင်မာစွာ ဆက်လက် စွဲကိုင်ရင်း နအဖ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးလုပ်ငန်းများကို အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံမိဌာန် ချမှတ်ရင်း မကဒတ၏ လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ အကဲဖြတ်ချက်နှင့် တိုက်ပွဲလမ်းကြောင်းကို နိဂုံးချုပ်အပ်ပေသည်။

စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်။
ဒီမိုကရေစီအရေးတော်ပုံ အောင်ရမည်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ)
(ကျောင်းသားတပ်မတော်)

ရက်စွဲ။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ (၁) ရက်